
တုနှိုင်းမဲ့ (သစ္စာ)
အစွဲအလမ်း

"အစွဲအလမ်း"

(စ/ဆုံး)

"သမီး ခေတ်ကြီးက ဘာမှန်းမသိဘူး အရာရာကို စားသတိ သွားသတိ နေကွယ်။ အဘလည်း ရွာတောင်ပိုင်း သွားကြည့်ဦးမယ် ဘယ်မှလျှောက်သွားမနေနဲ့တော့နော် သမီး"

"ဟုတ်ကဲ့အဘ သမီးကိုစိတ်ချပါ အဘ အသက်လည်းကြီးလှပြီ ကျန်းမာရေးလည်းဂရုစိုက်ပါ ငွေနောက်လည်းမလိုက်ပါနဲ့ ခုလိုခေတ်ပျက်ကြီးမှာ နေနိုင်စားနိုင်ရင် တော်ပါပြီ"

"အေးပါကွယ် အဘသွားပြီ တံခါးတွေသေချာပိတ်ထား အဘကလွဲရင် ဘယ်သူ့ကိုမှ မဖွင့်ပေးနဲ့နော်"

"ဟုတ်ကဲ့အဘ ဂရုစိုက်ဦးနော်''

စစ်ကိုင်းတိုင်းဒေသကြီး (-)ရွာလေးတွင် မြခက်နှင့် အဖေဖြစ်သူ ဦးငွေသောင်းတို့ နေထိုင်ကြလေသည်။ မြခက်၏မိခင်မှာ မြခက်မွေးပြီးချင်းမှာပဲ ဆုံးပါးသွားရာ၍ အဖေဖြစ်သူ ဦးငွေသောင်းနှင့် နှစ်ဦးတည်းနေထိုင်၏။ မြခက်မှာ ရုပ်ရည် ချောမောလှပသူဖြစ်ပြီး တစ်ရွာလုံး၏ ချစ်ခင်နှစ်သက်မှုကို ပိုင်ဆိုင်ထားလေသည်။ အရပ်မှာ မနိမ့်မမြင့် ခန္ဓာကိုယ်မှာ တောသူပီပီ တောင့်တင်း၍ အသားအရေမှာ ကျစ်လျစ်ပြီး ညိုချောချောသည့် မိန်းမပျိုတစ်ယောက်ပင် ဖြစ်သည်။

ဖခင်ဖြစ်သူ ဦးငွေသောင်းမှာတော့ နာမည်နှင့်လိုက်အောင် ငွေအတော်

မက်သည်။ ကိုယ်တိုင် ကပ်စေးနှဲသူဖြစ်ပင်မဲ့ သမီးဖြစ်သူအတွက် ရွှေငွေ မပြတ် ဆင်မြန်းပေးသည့်သူလည်း ဖြစ်၏။ ငွေနှင့်ပတ်သက်လာလျှင် ဦးငွေ သောင်း အကုန်လုပ်သည်။ ငယ်စဉ်ကဆို ဝက်သတ် နွားသက်ကအစ မ ကြောက်မလန့် အကုန်လုပ်၏။ ယခု အသက်လည်းကြီးလှပြီ ဖြစ်၍ သမီး ဖြစ်သူ မြခက်စကားကြောင့် မသတ်တော့ခြင်းဖြစ်သည်။ သို့သော် ရွာအစ အဆုံး လျှောက်ပတ်ကြည့်၍ ငွေဝင်မည့်အရေးသာ ချောင်းနေတတ်သည့်အ ကျင့်မှာတော့ သေသည့်တိုင်ပင် ငွေမက်သည့် ဦးငွေသောင်းငွေ၏ စေစား ရာအတိုင်း သေဘေးသို့ ရဲရဲကြီး ဝင်တိုးလေတော့သည်။

"ဦးငွေသောင်း ဘယ်သွားမလို့လဲဗျ"

"ရွာတောင်ပိုင်းပါကွာ မင်းတို့ကကော ဘယ်ကို အရေးတကြီး သွားကြမ လို့တုန်း"

"ဂျပန်တွေ ဟိုဘက်ရွာကို ရောက်နေပြီကြားတယ် အဲဒါ သူကြီးကို သွား ပြောမလို့ပါဗျ"

"ဟုတ်လား အေးအေး မြန်မြန်သွားကြကွာ သတိထားကြဦး"

"ဟုတ်ကဲ့ ဦးငွေသောင်း''

***